# Panasonic®


# အသုံးပြုပုံလမ်းညွှန်ချက်များ

## မွှေစက်နှင့်ခြောက်သွေ့သောအစားအစာများကိုကြိတ်နိုင်သောအမှုန့်ကြိတ်စက်

(အိမ်သုံးအတွက်သာ)

---

မော်ဒယ်နံပါတ် . **MX-900M**




ဤပစ္စည်းကိုမတပ်ဆင်မီအသုံးပြုပုံလမ်းညွှန်များကိုသေချာစွာဖတ်ရှုပါ။ပြီးနောက်အရေးကြီးသောဘေးကင်းလုံခြုံမှုဆိုင်ရာညွှန်ကြားချက်များကိုမှတ်သားပါ။

# ပါဝင်သည့်အကြောင်းအရာဇယား


စာမျက်နှာ /

အသုံးပြုသူအတွက်အရေးကြီးသောလုံခြုံမှုလမ်းညွှန် ............................. ၃

အစိတ်အပိုင်းများ၏သတ်မှတ်ချက်များ ............................. ၄

ဆားကစ်ဘရိတ်ကာကာကွယ်မှု ............................. ၄

ဘေးကင်းလုံခြုံစေရန်စက်၏အစိတ်အပိုင်းများကိုမရွေ့လျားနိုင်အောင်ထိန်းချုပ်နိုင်မှု ............................. ၅

မွှေစက်ကိုဘယ်လိုအသုံးပြုရမလဲ ............................. ၆

အစားအစာအခြောက်ကြိတ်စက်ကိုဘယ်လိုအသုံးပြုရမလဲ ............................. ၈

အချိန်တိုအတွင်းမိမိလိုချင်သည့်ပုံစံကြိတ်ရာတွင်သုံးသည့်ဖန်ရှင် ............................. ၁၀

ခြစ်သည့်ကိရိယာကိုဘယ်လိုအသုံးပြုမလဲ ............................. ၁၀

ဘယ်လိုသန့်ရှင်းရမလဲ ............................. ၁၁

အသေးစိတ် အချက်အလက် ............................. ၁၂


# အသုံးပြုသူအတွက်အရေးကြီးသောဘေးကင်းလုံခြုံမှုဆိုင်ရာညွှန်ကြားချက်များ


**ဤမွှေစက်ကိုအသုံးမပြုမီအခြေခံကြိုတင်သတိပေးချက်များကိုလေ့လာပါ။**
**အရေးကြီးသတိပေးချက် ။ မီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း(သို့)ထိခိုက်ဒဏ်ရာရရှိခြင်းတို့ကိုလျော့ချရန်**


- ဤမွှေစက်သည်ရုပ်ပိုင်းဆိုင်ရာ၊အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက် ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤမွှေစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။
- မွှေစက်၏မော်တာရှိသောနေရာကိုရေထဲသို့မနှစ်ပါနှင့်။
- မွှေစက်တွင်ဖွင့်ထားချိန်တွင်စက်ထဲသို့လက်ချောင်းများ၊ဇွန်း၊ခက်ရင်းအစရှိသောပစ္စည်းများကိုမထည့်ပါနှင့်။
- မော်တာစက်လည်ပတ်နေသောအချိန်တွင်မွှေစက်၏ခွက်ကိုဖယ်ရှားခြင်းမပြုပါနှင့်။
- ဤမွှေစက်တွင်ပါဝင်သောအစိတ်အပိုင်းများမှလွဲ၍အခြားမည်သည့်ပစ္စည်းများကိုမှအစားထိုး၍သုံးစွဲခြင်းမပြုပါနှင့်။
- ရေစိုနေသောလက်ဖြင့်ပလပ်ချွတ်ခြင်းမပြုပါနှင့်။
- ပေးထားသောပါဝါကြိုးပျက်စီးလျှင်အန္တရာယ်ဖြစ်မှုကိုရှောင်ရှားရန်အတွက်ထုတ်လုပ်သူ၎င်း၏ဆားဗစ်ကိုယ်စားလှယ်(သို့)အလားတူအရည်အသွေးပြည့်မီသောလူပုဂ္ဂိုလ်တစ်ဦးဦးဖြင့်သာလဲလှယ်တပ်ဆင်ရမည်။
- ဤမွှေစက်နှင့်ကိုက်ညီသောဗို့အားကိုသာအသုံးပြုရမည်ဖြစ်ကြောင်းသေချာပါစေ။
- အသွားထက်သောဓားသွားများကိုကိုင်ခြင်း၊ ခွက်ကိုရှင်းလင်းသည့်အခါတွင်လည်းကောင်း၊စက်ကိုသန့်ရှင်းရေးပြုလုပ်သည့်အခါတွင်လည်းကောင်းထိခိုက်ဒဏ်ရာမဖြစ်စေရန်ဂရုစိုက်ပါ။
- ပလပ်မှဖုန်မှုန့်(သို့)အညစ်အကြေးများကိုပုံမှန်ဖယ်ရှားပါ ။
- သန့်ရှင်းရေးပြုလုပ်သောအခါနှင့်ခြောက်သွေ့အောင်ပြုလုပ်သောအခါတွင်၆၀ဒီဂရီစင်တီဂရိတ်ထက်ပိုသောရေကိုအသုံးမပြုပါနှင့်။
- ခွက်ထဲသို့၆၀ဒီဂရီစင်တီဂရိတ်ထက်ပိုသောအလွန်ပူသောအရာဝတ္ထုများထည့်ခြင်းမပြုပါနှင့်။
- စက်၏ခွက်အဖုံးကိုနေသားတကျမထားဘဲအသုံးမပြုပါနှင့်။
- စက်၏မော်တာကိုရေဖြင့်သန့်ရှင်းခြင်းမပြုပါနှင့်။
- အချိန်အကြာကြီးမွှေစက်ကိုအသုံးမပြုပါနှင့်။ ၂မိနစ်အသုံးပြုပြီးတိုင်းအနည်းဆုံး ၂မိနစ်ခန့်စက်ကိုအနားပေးပါ။
- မာကျောသော(သို့)အေးခဲသောအစားအစာများ (ဥပမာ – ခြောက်သွေ့သောအစားအစာ၊မာကျောသော အစားအစာ(သို့)အရိုးပါသောအသားများစသည်တို့ကိုမွှေခြင်းမပြုလုပ်ပါနှင့်။
- စေးကပ်နေသောအစားအစာများကိုမွှေခြင်းမပြုလုပ်ပါနှင့်။
- အကယ်၍စေးကပ်သောအရာများကိုမွှေခြင်းပြုလုပ်လိုလျှင်ပဲပုပ်ထမင်းနှင့်ထိုကဲ့သို့သောအစားအစာများကိုသာဖူးခွံထဲတွင်ထည့်၍မွှေခြင်းပြုလုပ်နိုင်ပါသည်။
- ဆိုင်မှဝယ်ယူလာသောရေခဲနှင့်ရေခဲတုံးကြီးများကိုမကြိတ်ခွဲပါနှင့်။ ၂၀မီလီမီတာရှိသောရေခဲနှင့်အိမ်တွင်ပြုလုပ်ထားသည့်၂.၅ $cm^3$ (၁၅ဂရမ်ခန့်)ရှိသောရေခဲတုံးများကိုသာကြိတ်ခွဲပါ။
- ရေခဲကြိတ်ခွဲခြင်းပြီးသည်အထိစက်၏အဖုံးကိုမဖွင့်ပါနှင့်။
- ရွေ့လျားနေသောအစိတ်အပိုင်းများကိုချဉ်းကပ်ခြင်း (သို့) လဲလှယ်ခြင်းမပြုမီစက်ကိုပိတ်၍လျှပ်စစ်အထောက်အပံ့များကိုဖြုတ်တောက်လိုက်ပါ။

# အစိတ်အပိုင်းများ၏သတ်မှတ်ချက်များ

ခြစ်သည့်ကိရိယာ 








ပါဝါကြိုးသည်ပုံတွင်ပြထားသည့်အတိုင်းမဟုတ်ဘဲပုံသဏ္ဍာန်မျိုးစုံပြောင်းနိုင်သည်။


# လျှပ်စစ်ဘရိတ်ကာဖြင့်ကာကွယ်ခြင်း

လျှပ်စစ်ဘရိတ်ကာကာကွယ်မှုသည်အလွန်အကျွံမြွေသည့်အခါမော်တာစက်ကိုအလိုအလျောက်ရပ်တန့်စေပါသည်။


ဘရိတ်ကာအလုပ်လုပ်ပါက




"O" ကိုနှိပ်ပါ။




ပါဝင်ပစ္စည်းပမာဏကိုတစ်ဝက်လျှော့ချပါ။





ပြန်မွှေရန် “ ၊ ”ခလုတ်ကိုနှိပ်ပါ (ယူနစ်အလုပ်မလုပ်ပါကပထမအဆင့် ၁ အတိုင်းနောက်တစ်ကြိမ်လုပ်ပါ။) ဘရိတ်ကာအလုပ်ဆက်လုပ်ပါကပထမအဆင့် ၁ နှင့်ဒုတိယအဆင့် ၂ ကိုတစ်ကြိမ်စီပြန်လုပ်ပါ။

**ရေခဲရောစပ်ခြင်း**

ဖော်ပြပါလုပ်ငန်းစဉ်များကိုလိုက်နာပြီးနောက်လျှပ်စစ်ဘရိတ်ကာအလုပ်ဆက်လုပ်ပါက"O" ခလုတ်ကိုနှိပ်ပါ။ ခွက်ထဲမှရေခဲအားလုံးကိုဖယ်ရှားပြီးထပ်မံဖြည့်ပါ။ ထို့နောက်ဆက်လက်လုပ်ဆောင်ရန် “ ၊ ” ခလုတ်ကိုနှိပ်ပါ။

# လုံခြုံရေးခလုတ်

ဤလုံခြုံရေးခလုတ်သည်ခွက်နေရာမကျသည့်အခါယူနစ်လည်ခြင်းမရှိစေရန်ပြုလုပ်ပေးသည်။




**မှတ်ချက်**

- မွှေစက်၏ဘေးကင်းလုံခြုံမှုထိန်းချုပ်မှုပင်နှင့် ထိန်းချုပ်မှုလီဗာကိုအခြားကိရိယာများ၊ အချောင်းများစသည်တို့ကိုမတွန်းပါနှင့်။
- ထိန်းချုပ်မှုပင်နှင့်ပါဝါခလုတ်ရှိသောနေရာများတွင်အရည်(သို့) ပါဝင်ပစ္စည်းများမလောင်းထည့်ပါနှင့်။
- ထိန်းချုပ်မှုပင်နေရာဘေးပတ်လည်တွင်ရှိသောအမှုန်များကိုဖယ်၍ဧရိယာကိုသန့်ရှင်းစွာထားပါ။


**ကိရိယာသည်ပွင့်နေသည့်အနေအထားတွင်ရှိပါကအန္တရာယ်ဖြစ်စေနိုင်သည်။**

---

**အထက်ပါလုပ်ဆောင်ချက်များသည်လုံခြုံရေးခလုတ်၏အလုပ်လုပ်မှုနှင့်ခလုတ်၏အစိတ်အပိုင်းများကိုပျက်စီးစေနိုင်ပါသည်။**

# မွှေစက်အသုံးပြုပုံအဆင့်ဆင့်

## တပ်ဆင်ပုံ





၁ အောက်အထိုင်ကွင်းတွင်ဂတ်စကက်ကိုတပ်ပါ။
၂ ခွက်ကိုအထိုင်ကွင်းတွင်တပ်၍နာရီလက်တံအတိုင်းညာဘက်
သို့ကြပ်သွားအောင်လှည့်ပါ။

## ဖြုတ်ပုံ



အထိုင်ကွင်းကိုနာရီလက်တံအတိုင်းညာဘက်
သို့လှည့်၍ဖြုတ်ပါ။

## အဖုံးဖွင့်ပုံ




အဖုံးကိုအပေါ်သို့တွန်း၍ဖွင့်ပါ။

### မှတ်ချက်

- ပါဝင်ပစ္စည်းအများဆုံးပမာဏ–၁၂၀၀မီလီမီတာ။ မွှေခွက်အလွတ်နှင့်အသုံးမပြုပါနှင့်။
- ဤမွှေစက်သည်ခွက်နေရာမကျပါကမလည်ပတ်နိုင်ပါ။
- ခွက်ထဲသို့မာကျော၍စေးပျစ်သောပါဝင်ပစ္စည်းများမထည့်ပါနှင့်။ ထည့်ရန်လိုအပ်ပါက မာကျောသောပါဝင်ပစ္စည်းများကိုအတုံးသေးများဖြစ်အောင်လှီး၍ (၁စင်တီမီတာ ၃ထပ် လေးထောင့်တုံး) ခွက်တစ်ဝက်မကျော်အောင်ဖြည့်ပါ။
- အကယ်၍ဓားသွားသည်ငြိနေပါကမွှေစက်နှင့်မီးခုံကိုပိတ်၍ပလပ်ဖြုတ်ပါ။ မွှေခွက်ထဲသို့ လက်မထည့်ပါနှင့်။ ခြစ်တံကိုသုံး၍ဓားသွားတွင်ပိတ်နေသောအရာများကို ဖယ်ပါ။
- ရေခဲရောမွှေရာတွင်အိမ်သုံးရေခဲသေတ္တာမှ ၂.၅ကုဗစင်တီမီတာအောက်ရှိသောရေခဲတုံးများကိုသုံးပါ။ရေခဲတုံးကြီးများ၊ သာမန်ရေခဲတုံးများကိုမသုံးပါနှင့်။ ရေခဲရောမွှေရာတွင်ရေအချိုး ၂၀၀ ဂရမ်အတွက် ၂၂၀မီလီလီတာ ထည့်သင့်ပါသည်။
- မွှေစက်ကောင်းကောင်းလည်ပတ်နိုင်ရန်မွှေခွက်တွင်(၁) အရည် (၂) လှီးထားသောပျော့သောပါဝင်ပစ္စည်းများ (၃)ရေခဲတို့ကိုအစီအစဉ်တကျထည့်ပါ။


## ၁




၁ မွှေခွက်ထဲသို့ပါဝင်ပစ္စည်းများထည့်ပါ။

၂ အဖုံးဖုံးပါ။

## ၂





၁ ခလုတ်ပိတ်ပါ။ ပုံ(က)တွင်ပြထားသည့်အတိုင်းကွင်းနှင့်မော်တာစက်ဆုံပေါ်ရှိတြိဂံအမှတ်အသားအတိုင်း ကြိတ်ခွက်ကိုထည့်ပါ။ မော်တာစက်အုံနှင့်ကွက်တိမကျပါကခွက်အားရှေ့နောက်လှည့်ပါ။

၂ ပုံ(ခ)တွင်ပြထားည့်အတိုင်းခွက်ယူနစ်ကိုနာရီလက်တံအတိုင်း “ကလစ်” ဟူသောအသံကြားသည်အထိသတ်မှတ်ထားသည့်အတိုင်းအမှတ်အသားများအတိုင်းလှည့်ပါ။

၃ မီးခုံတွင်ပလပ်ထိုးပါ။


## ၃




၁ အဖုံးကိုဖိထားပါ။

၂ “ I ” ခလုတ်ကိုနှိပ်၍မွှေစက်ကိုဖွင့်ပါ။

## ၄




၁ ကြိတ်ပြီးနောက် "O" ခလုတ်ကိုနှိပ်၍စက်ပိတ်ပါ။

၂ ပါဝါပလပ်ပေါက်ကိုပိတ်၍ပလပ်ဖြုတ်ပါ။

၃ ကြိတ်ခွက်ကိုစက်အုံမှနာရီလက်တံပြောင်းပြန်အတိုင်းဘယ်ဘက်သို့လှည့်ပါ။

၄ ပါဝင်ပစ္စည်းများကိုထုတ်ပါ။

### မှတ်ချက်


- ရေစိုသောလက်နှင့်ပလပ်မဖြုတ်ပါနှင့်။
- မွှေခွက်ထဲမှပါဝင်ပစ္စည်းများထုတ်ပါကဓားသွားနှင့်မထိအောင်သတိထားပါ။
- စက်အားအသုံးပြုနေစဉ်ရွေ့နေသောအပိုင်းများကိုမပြောင်းလဲခင်(သို့) မထိခင်မီးခုံမှခလုတ်ပိတ်၍ပလပ်ဖြုတ်ပါ။
- ပလပ်ဖြုတ်ပါကပလပ်ခေါင်းကိုကိုင်ပြီးဖြုတ်ပါ။ မီးကြိုးမှဆွဲမဖြုတ်ပါနှင့်။
- မွှေနေစဉ်ပါဝင်ပစ္စည်းများသည်အဖုံးအပြင်သို့လျှံထွက်ခြင်းများရှိနိုင်ပါသည်။ အဝတ်ခြောက်ဖြင့်သုတ်ပါ။
- မွှေစက်၏အဖုံးကျပ်စေရန်မွှေနေစဉ်အဖုံးကိုဖိထားပါ။


# ကြိတ်စက်အသေးအသုံးပြုပုံ


ဤကြိတ်စက်အသေးသည်ကော်ဖီစေ့များ၊ ငရုတ်ကောင်းမှုန့်များ၊ ဟင်းခတ်အမွှေးအကြိုင်များစသည်တို့ကိုကြိတ်ရန်အသုံးပြုပါသည်။

**မှတ်ချက်**

- ကြိတ်ခွက်ထဲသို့အရည်များမထည့်ပါနှင့်။
- အများဆုံးပမာဏထက်ပိုမဖြည့်ပါနှင့်။
- ကြိတ်ခွက်အလွတ်နှင့်ယူနစ်ကိုမသုံးပါနှင့်။
- ရေစိုသောလက်နှင့်ပလပ်မဖြုတ်ပါနှင့်။
- မွှေခွက်ထဲမှပါဝင်ပစ္စည်းများထုတ်ပါကဓားသွားနှင့်မထိအောင်သတိထားပါ။
- သတ်မှတ်ထားသောအသုံးပြုချိန်ထက်ကျော်လွန်၍အသုံးမပြုပါနှင့်။ (၁မိနစ်ဖွင့်၊ ၂မိနစ်ပိတ်)







၁ ကြိတ်ခွက်ကိုပြောင်းပြန်လှည့်၍ပါဝင်ပစ္စည်းများထည့်ပါ။


၂ ကြိတ်ခွက်တွင်အောက်ခံကိုထား၍“ချက်ကနဲ”အသံကြားသည်အထိနာရီလက်တံအတိုင်းညာဘက်လှည့်ပါ။




၁ ကြိတ်ခွက်ကိုမော်တာစက်တွင်တပ်ပါ။


၂ ကြိတ်ခွက်ကို“ချက်ကနဲ”အသံကြားသည်အထိနာရီလက်တံအတိုင်းညာဘက်လှည့်ပါ။

၃ မီးခုံတွင်ပလပ်ထိုးပါ။





၁ ကြိတ်ခွက်ကိုဖိပါ။

၂ “၊”ခလုတ်ကိုနှိပ်၍ကြိတ်စက်ကိုဖွင့်ပါ။




မွှေပြီးနောက်"O"ခလုတ်ကိုနှိပ်၍ခလုတ်ကိုပိတ်ပါ။


မော်တာလည်ပြီးသည်အထိကြိတ်စက်ကိုဖိထားပါ။




၁ မီးခုံကိုပိတ်၍ပလပ်ဖြုတ်ပါ။

၂ ကြိတ်စက်ကိုနာရီလက်တံပြောင်းပြန်အတိုင်းဘယ်ဘက်လှည့်ပါ။

၃ မော်တာစက်အုံမှဖြုတ်ပါ။




၁ ကြိတ်စက်ကိုပြောင်းပြန်လှန်ပါ။

၂ ဖြတ်စက်အောက်ခံကိုကြိတ်စက်မှဖယ်၍နာရီလက်တံပြောင်းပြန်အတိုင်းဘယ်ဘက်လှည့်ပါ။

၃ ပါဝင်ပစ္စည်းများကိုထုတ်ပါ။

ပလပ်ဖြုတ်သောအခါပလပ်ခေါင်းကိုသေချာကိုင်၍ဖြုတ်ပါ။
ပလပ်ကြိုးမှဆွဲမဖြုတ်ပါနှင့်။


# ပါးစ်ဖန်ရှင်

ပါးစ်ခလုတ်ကိုဖိ၍နှိပ်ထားခြင်းဖြင့်စက်ကိုအလုပ်လုပ်စေခြင်း၊ရပ်စေခြင်းများပြုလုပ်နိုင်ခြင်းသို့မဟုတ်ကြိတ်လိုသောပစ္စည်း၏ပမာဏရသည်အထိကြိတ်ခွဲလိုလျှင်ဤဖန်ရှင်ကိုသုံးပါ။

**မှတ်ရန်(ခလုတ်အားကာကွယ်ခြင်း)**

- စက္ကန့်သုံးဆယ်ထက်ပိုသောမွှေခြင်းမျိုးအတွက်ပါးစ်ခလုတ်ကိုမသုံးပါနှင့်။
- မွှေနေစဉ်ခလုတ်မပျက်စီးစေရန်ပါးစ်ခလုတ်ကိုသေချာနှိပ်ပါ။

# ခြစ်တံအသုံးပြုပုံ



**မှတ်သားရန်**

ခြစ်တံကိုမွှေနေစဉ်တွင်အဖုံးအပေါက်အတွင်းမှတစ်ဆင့်သာအသုံးပြုပါ။

ဤထုတ်ကုန်အားအခြားမော်ဒယ်များ၏ခြစ်တံများနှင့်တွဲမသုံးပါနှင့်။

ခြစ်တံသည်မွှေနေစဉ်အတွင်းအဖုံးအပေါက်မှတစ်ဆင့်ဓားသွားကိုမထိဘဲထည့်နိုင်ပါသည်။

ခြစ်တံကိုအဖုံးအပေါက်မှစောင်းထည့်၍မွှေခွက်ဘေးပတ်ပတ်လည်တွင်ကပ်နေသောအရာများကိုခြစ်ထုတ်ပါ။

ခြစ်တံကိုအောက်ပါအချိန်များတွင်အသုံးပြုပါ။

၁. အရည်ထွက်သောအရာများသည်ပါဝင်ပစ္စည်းများကိုမွှေရခက်စေပါသည်။


၂. မွှေခွက်ဘေးပတ်လည်တွင်ကပ်နေသောပါဝင်ပစ္စည်းများ

(ဥပမာ–ကြက်သွန်ဖြူ၊ ရေတ်ကောင်း)

# မွှေစက်အားသန့်ရှင်းပုံ

## သန့်ရှင်းနေစဉ်

- မသန့်ရှင်းမီခလုတ်ဖြုတ်ပါ။ သန့်ရှင်းနေစဉ်ဖြတ်စက်ဓားသွားကိုသေချာကိုင်ပါ။ ရေမြှုပ်ဖော့အပျော့သုံး၍သန့်ရှင်းပါ။
- ပလတ်စတစ်နှင့်ပြုလုပ်ထားသောအစိတ်အပိုင်းများကိုဆေးရန်သံစများ၊ လက်ကိုင်ဘရက်ရှ်များ၊ နိုင်လွန်ဖော့များစသည်တို့ကိုမသုံးပါနှင့်။ (ထိုအပိုင်းများ၏မျက်နှာပြင်များကိုခြစ်မိသွားနိုင်သည်။



မွှေစက်ထဲသို့မွှေစက်၏တစ်ဝက်ပမာဏရှိသောရေထည့်ပါ။ သန့်စင်ရန်အတွက်စက္ကန့် သုံးဆယ်ခန့်စက်ဖွင့်ပါ။
မွှေစက်အတွင်းမှမွှေခွက်နှင့်ဂတ်စကက်ကိုဖယ်ပြီးရေကျင်း၍အခြောက်ခံပါ။

မောင်းတံသည်အလွယ်တကူရွှေ့ လျားနိုင်ပါသည်။ မွှေခွက်၊ အဖုံး၊ ဂတ်စကက်နှင့်ကြိတ်ခွက်တို့ကိုဆပ်ပြာရည်ဖြင့်ဆေးကြောပါ။ ရေကျင်း၍အခြောက်ခံပါ။



### မှတ်သားရန်

မွှေခွက်ထဲသို့မထည့်မီမောင်းတံသည်အလွယ်တကူရွှေ့ လျားနိုင်ခြင်းရှိမရှိစစ်ဆေးပါ။
မောင်းတံအလွယ်တကူလှုပ်ရှားနိုင်ရန်သန့်ရှင်းပြီးသည့်နောက်တွင်အခြားအရာများ၊ ပါဝင်ပစ္စည်းများမောင်းတံအတွင်းတွင်မရှိပါစေနှင့်။



*သွားပွတ်တံမပေးထားပါ။

ဖြတ်စက်ဓားသွားများအားရေပိုက်အောက်တွင်ဆေး၍သွားပွတ်တံနှင့်ပွတ်ပါ။

### မှတ်သားရန်

ဓားသွားကိုလက်ဖြင့်သန့်ရှင်းခြင်းမပြုလုပ်ပါနှင့်။



မော်တာစက်အုံကိုအဝတ်ခြောက်ဖြင့်သုတ်ပါ။

### မှတ်သားရန်

မော်တာစက်အုံကိုသန့်ရှင်းရာတွင်သံချေးစားသောအရည်များ(ဥပမာ–အရက်၊တင်နာ)တို့ကိုမသုံးပါနှင့်။





ဖြတ်စက်ဓားသွားကိုရေမြှုပ်ဖော့အပျော့သုံး၍သန့် စင်ပါ။

### မှတ်သားရန်

ဖြတ်စက်ဓားသွားသန့်စင်ရာတွင်သတိရှိပါ။ သန့်ရှင်းစဉ်ရေမသုံးပါနှင့်။

# အသေးစိတ်အချက်အလက်များ

| | မွှေခွက်ယူနစ် | ကြိတ်ခွက်ယူနစ် |
|---|---|---|
| |  |  |
| မွှေစက်၏လျှပ်စစ်ပမာဏ | ၂၂၀–၂၄၀ဗို့ ~ ၅၀ဟတ်စ် | |
| မွှေစက်၏လျှပ်စစ်သုံးစွဲမှုပမာဏ | ၃၁၀–၃၅၀ဝပ် | - |
| မွှေစက်လည်ပတ်နှုန်း | ဆက်တိုက်(၂မိနစ်ဖွင့်၊ ၂မိနစ်ပိတ်) | ဆက်တိုက်(၁မိနစ်ဖွင့်၊ ၂မိနစ်ပိတ်) |
| မွှေစက်အရှိန် | ၁မိနစ်လည်ပတ်နှုန်း(၁၁၅၀၀) (သတ်မှတ်ရေပမာဏ) | - |
| မွှေစက်ခလုတ် | ပါးစ် , I, O | |
| မွှေစက်၏ဝင်ဆံ့မှုပမာဏ | ၁၂၀၀မီလီလီတာ | ကုန်ခြောက်များ၅၀ဂရမ်(ကော်ဖီစေ့) |
| ဖြတ်စက်ဓားသွားများ | သံမဏိဓားသွား(၄)လုံး(တိုက်တေနီယမ်) | သံမဏိဓားသွား(၂)လုံး |
| မွှေစက်အလေးချိန် | ခန့်မှန်းခြေ၁.၉ကီလိုဂရမ် | ခန့်မှန်းခြေ၁.၆ကီလိုဂရမ် |
| မွှေစက်အတိုင်းအတာ(အလျား×အနံ×အမြင့်) | ခန့်မှန်းခြေ၁၇၂မီလီမီတာ× ၂၂၃မီလီမီတာ× ၃၈၈မီလီမီတာ | ခန့်မှန်းခြေ၁၅၃မီလီမီတာ× ၂၂၃မီလီမီတာ× ၂၇၀မီလီမီတာ |


Panasonic Manufacturing Malaysia Berhad.

No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam, Selangor Darul Ehsan, Malaysia.